# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၉)၊ အမှတ် (၁၁) ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်


## နိုဝင်ဘာလ ၇ ရက်၊ (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် "အထူးထုတ်"

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရှုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဓမ္မဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားများတက်ရောက်



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ၃၀-၉-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

စာမျက်နှာ (၁၉)သို့

တောင်ငူခရိုင်နှင့် ဘားအံမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သွားရောက်တွေ့ဆုံအားပေးထောက်ပံ့မှု

စာ(၂-၃)သို့

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပပြုလုပ်

စာ(၁၅)သို့

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ဂုဏ်ပြုဆောင်းပါး "စံ (၅)ရပ်ကို လက်ကိုင်ပြု၍"

စာ(၆)သို့

# တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့မှု




အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ၂၀-၉-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်က ရာဂီမုန်တိုင်းဖြစ်ပွားခဲ့သော ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများ၌ နေထိုင်ကြလျက်ရှိသော ဒေသခံပြည်သူများအား သွားရောက် တွေ့ဆုံအားပေးထောက်ပံ့ပေးခဲ့ပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်တို့နှင့်အတူ ရေတာရှည်မြို့နယ် ပိတောက်စမ်းကျေးရွာ၌ ရေပြန်လည်ကျဆင်းသွားသည့် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများစုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး စာသင်ကျောင်းများ ရေပြန်လည်ကျဆင်းပါက ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းပိတ်ရက်များတွင် ပြန်လည်အစားထိုးသင်ကြားနိုင်ရေးနှင့် ကျောင်းသုံးပရိဘောဂပျက်စီးမှုများ ပြင်ဆင်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် သန့်ရှင်းရေးပြုလုပ်နေသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးတို့သည် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၁၇၈ ဦး အတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားသုံးဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ယင်းနောက် တောင်ငူခရိုင် ရေဘေးကွပ်ကဲမှုရုံးသို့ ရောဝတီဖောင်ဒေးရှင်းက လာရောက်လှူဒါန်းသည့် ဆန်အိတ် ၁၀၀၀ နှင့် ပွင့်ထူးစံကုမ္ပဏီက လှူဒါန်းသည့်ငွေကျပ် သိန်း ၅၀၀ ကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ဦးစိုင်းမွန် (မုန်းဝင်းမြန်မာ) မိသားစုက လှူဒါန်းသည့်အလှူငွေကျပ်သိန်း ၁၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ပဲခူးနှင့် သနပ်ပင်မြို့နယ်ရှိ လုပ်ငန်းရှင်များက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၇၀ ကို တိုင်းမှူးကလည်းကောင်း လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့(၁၀)ရပ်ကွက်၊ အုတ်ကျွတ်(၁) မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ရေဘေးသင့် အိမ်ထောင်စု ၁၁၈ စု၊ လူဦးရေ ၄၁၃ ဦး အတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသုံးကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးဝေပြီး ယာယီရေဘေးရှောင်စခန်း၌ ချက်ပြုတ်ကျွေးမွေးနေမှုနှင့် သောက်သုံးရေသန့် စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့အတူ တောင်ငူမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရွှေဂူကြီးဘုရား၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၇၃ စု၊ လူဦးရေ ၂၇၂ ဦးအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနှင့် အခြေခံစားသုံးကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေဘေးရှောင်စခန်းအလိုက် ချက်ပြုတ်ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

# ဘားအံမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့မှု



အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ၂၁-၉-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်က ရာဂီမုန်တိုင်းဖြစ်ပွားခဲ့သော ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများ၌နေထိုင်ကြလျက်ရှိသော ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့ပေးခဲ့ပါသည်။

ထို့နောက် ဘားအံမြို့ ပြည်ထောင်စုရိပ်သာ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရေကြီးရေလျှံမှုကြောင့် ရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှု၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ စာသင်ကျောင်းများ ယာယီပိတ်ထားရမှုနှင့် ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းမှု၊ မိုးစပါးရေနစ်မြုပ်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ရေကြီးရေလျှံမှုဖြစ်စဉ်က တင်ကျန်ခဲ့သောသဲနုန်းများအား တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်းပြီး မီးသတ်ရေသယ်ယာဉ်၊ ယန္တရားများအသုံးပြု၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ယင်းနောက် လှာကမြင် ကွက်သစ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ယာယီရေဘေးရှောင်စခန်းရှိရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၁၄၇ စု၊ လူဦးရေ ၆၃၇ဦး အတွက် ဆန်၁၄ အိတ်၊ ဆီ ၇၅ ပိသာ၊ ကြက်ဥအလုံး ၁၃၀၀၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ထို့နောက် ဘားအံမြို့၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၂၁၉ စု၊ လူဦးရေ ၉၇၀ ဦးအတွက် ဆန်အိတ် ၃၀၊ ဆီ ၁၄၅ ပိသာ၊ ကြက်ဥအလုံး ၂၀၀၀၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ (ဒါဘာ)အခမ်းအနားကျင်းပ





ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ၈-၁၀-၂၀၂၄ ရက်နေ့၊ ၁၃၀၀ အချိန်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ (ဒါဘာ)အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား(၄၇၉)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းများအား ဝန်ထမ်းကျင့်ဝတ်နှင့်အညီနေထိုင်ကြရန်နှင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်တို့ကို မှာကြားခဲ့ပြီး တက်ရောက်လာသည့် ဝန်ထမ်းများမှ တင်ပြလာသည့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ





မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်မြို့၊ ဇီးပင်ကြီးကျေးရွာ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၌ ၂-၁၀-၂၀၂၄ ရက်နေ့၊ ၀၇၃၀ အချိန်တွင် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား/သူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## (၁၀၉)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ဇေယျာသီရိရပ်ကွက်၌ ၃၀-၉-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် (၁၀၉)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးက ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း (၃၀၂) ကျောင်းများမှ ဆရာတော်၊ ရဟန်း၊ သာမဏေ (၇,၄၇၇)ပါးနှင့် သီလရှင် (၁,၂၅၅)ပါးတို့အား ဆွမ်းဆန်တော်များလောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ (ဒါဘာ) အခမ်းအနားကျင်းပ






ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၆-၉-၂၀၂၄ ရက်နေ့၊ ၁၃၀၀ အချိန်တွင် ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ (ဒါဘာ) အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားခြင်း၊ ဒုတိယညွှန်ကြားရေးမှူးက အထက်ဌာနညွှန်ကြားချက်များအား ချပြဆွေးနွေးခြင်း၊ ဝန်ထမ်းများမှလည်း တင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းသက်သာချောင်ချိရေးအတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ခြင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အဝေးသင် တက်ရောက်မည့် ရုံးဝန်ထမ်းများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၊ ကားပါကင်၌ ၁၂-၉-၂၀၂၄ ရက်နေ့၊ ၁၀၀၀ အချိန်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စေ့နီ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဝန်ထမ်း (၅၉၉)ဦး တို့အတွက် ဝန်ထမ်းတစ်ဦးလျှင် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ကြက်ဥ (၁၀)လုံးစီ စုစုပေါင်းတန်ဖိုးငွေကျပ် ၁,၇၉၇,၀၀၀/- (ငွေကျပ်တစ်ဆယ့်ခုနစ်သိန်းကိုးသောင်းခုနစ်ထောင်တိတိ) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူမှု လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး



**ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ပြည်သာယာရပ်ကွက်၊ ခုတင် (၅၀၀)ပြည်သူ့ဆေးရုံကြီး၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအား ၃၀-၉-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင် (ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရှမ်းပြည်နယ်**

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၌ သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းသား/သူများမှ သန်းခေါင်စာရင်းကောက်ယူမှု လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေအား ၂၆-၉-၂၀၂၄ ရက်နေ့၊ ၀၉၃၀ အချိန်တွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့် (ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ



ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက် **Green Star Hotel** ၌ ၁၆-၉-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင် (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသား/သူများ စုစုပေါင်းအင်အား (၁၃၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များက သင်တန်းဆိုင်ရာအချက်များ ရှင်းလင်းပြောကြားခြင်းနှင့် ပြည်နယ်အဆင့် အထူးနည်းပြသင်တန်း သင်တန်းဆင်း ဂုဏ်ပြုလွှာများပေးအပ်ခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင်ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး**

# ခံ (၅) ရပ်ကို လက်ကိုင်ပြု၍

မည်သည့်နိုင်ငံတွင်ဖြစ်စေ၊ မည်သည့်နိုင်ငံရေးစနစ်တွင်ဖြစ်စေ တိုင်းပြည်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည်တို့နှင့်ပတ်သက်သည့် နိုင်ငံတော်အစိုးရ၏မူဝါဒများကို ဝန်ထမ်းအဖွဲ့အစည်းများက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရပါသည်။ ယင်းအဖွဲ့အစည်းများအနက် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများသည် အရေးပါသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်ကြရပါသည်။ နိုင်ငံအသီးသီးတွင် အုပ်ချုပ်ရေးမဏ္ဍိုင် ခိုင်မာအားကောင်းစေရန် ကျောထောက်နောက်ခံပြုပေးသည့် ဝန်ထမ်းအဖွဲ့အစည်းများရှိကြသည့်နည်းတူ မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည်လည်း နိုင်ငံတော်၏ ခေတ်စနစ်အမျိုးမျိုးတွင် အုပ်ချုပ်ရေးဆိုင်ရာ အမာခံအဖွဲ့အစည်းတစ်ရပ်အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်တို့၌ အထွေထွေအုပ်ချုပ်ရေးလုပ်ငန်းများကို ဦးစီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း မပြုသေးသော်လည်း ထိုခေတ်ထိုကာလက ရပ်ရွာအေးချမ်းသာယာရေး၊ ပြစ်မှုကြိုတင်ကာကွယ်ရေး၊ မှုခင်းဆိုင်ရာတရားစီရင်ရေး၊ မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ အခွန်ကောက်ခံရေးစသည့်တာဝန်များကို ထမ်းဆောင်ခဲ့ကြရသည့် တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်စသည့်အရာရှိများနှင့် ရုံးဝန်ထမ်းများသည် အထွေထွေအုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ရသူများ ပင်ဖြစ်ရာ ဤဌာန၏မြစ်ဖျားသည် ကိုလိုနီခေတ်ဦးကပင် စတင်စီးဆင်းခဲ့သည်ဟူ၍ ဆိုနိုင်မည်ဖြစ်ပါသည်။

တော်လှန်ရေးကောင်စီခေတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ၁၅-၃-၁၉၇၂ရက်စွဲပါ ကြေညာချက်အမှတ်(၉၇)အရ အုပ်ချုပ်ရေးစနစ်သစ်ကို ဖော်ထုတ်ရာ၌ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနအောက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ၄င်းနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ၁-၄-၁၉၇၇ ရက်နေ့မှစ၍ အထွေထွေဦးစီးဌာနဟု ပြင်ဆင်ခေါ်ဝေါ်ဖွဲ့စည်းခဲ့ပြန်ပါသည်။ ထိုမှတစ်ဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၇-၁၁-၁၉၈၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၈၈ဖြင့် အထွေထွေဦးစီးဌာနကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟူ၍ ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ယင်းနေ့ကိုအစွဲပြု၍ နှစ်စဉ် နိုဝင်ဘာလ (၇) ရက်နေ့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ကြရာ ယခုနှစ်ကျင်းပမည့် အခမ်းအနားသည် (၃၆) ကြိမ်မြောက်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ သို့ရာတွင် အထက်၌တင်ပြခဲ့သည့် သမိုင်းကြောင်းများအရ ဌာန၏သက်တမ်းမှာ (၃၆)နှစ်မက များစွာရှည်လျားခဲ့ပြီဖြစ်ကြောင်းကိုမူ ထပ်မံရှင်းလင်းတင်ပြရန်လိုတော့မည်မဟုတ်ပါ။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထူးခြားသည့်ဝိသေသလက္ခဏာများအရ ခေတ်ကာလအဆက်ဆက်တွင် ကြီးလေးသည့်အုပ်ချုပ်ရေးဆိုင်ရာတာဝန်များကို ထမ်းဆောင်ရန် ယုံကြည်စိတ်ချစွာ လွှဲအပ်တာဝန်ပေးခြင်းခံခဲ့ရပါသည်။ တိုင်းပြည်၏ဖြတ်သန်းခဲ့သည့်သမိုင်းတစ်လျှောက်တွင် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများပီသစွာ တာဝန်ကျေပွန်ခဲ့မှုအရ နိုင်ငံတော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ရေးဆွဲပြဋ္ဌာန်းပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုလျှောက်လှမ်းရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၀၊ ၂၈၃ နှင့် ၂၈၇ တို့အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့များ၏ အတွင်းရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်ထားရှိပါသည်။ ယင်းအပြင် ပုဒ်မ ၂၈၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၃၀-၃-၂၀၁၁ ရက်စွဲပါ ကြေညာချက်အမှတ် ၈/၂၀၁၁၊ နိုင်ငံတော်သမ္မတရုံး၏ ၃၀-၃-၂၀၁၁ ရက်စွဲပါ ကြေညာချက်အမှတ် ၈/၂၀၁၁ တို့ဖြင့် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးကို တာဝန်ခံဆောင်ရွက်စေရန် လွှဲအပ်တာဝန်ပေးခြင်းကိုလည်းခံခဲ့ရပါသည်။ အလားတူ မျက်မှောက်ကာလ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၁၈/၂၀၂၁ နှင့် ၁၉/၂၀၂၁ တို့ဖြင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းရာ၌လည်း ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများကို ယင်းအဖွဲ့များ၏ဥက္ကဋ္ဌများအဖြစ် ယုံယုံကြည်ကြည် တာဝန်ပေးအပ်ထားရှိကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်လေရာ မိမိတို့ဌာနဝန်ထမ်းများ၏ ပုခုံးနှင့် ဦးခေါင်းအထက်တို့၌ တည်ရှိနေသောလုပ်ငန်းတာဝန်များသည် မည်မျှကြီးမား၍ မည်မျှကျယ်ဝန်းနက်ရှိုင်းကြောင်းကို မိမိတို့အားလုံး အမြဲမပြတ်သတိချပ်နေကြရမည်ဖြစ်ပါသည်။

ကြီးလေးသောတာဝန်များ ပေးအပ်ထားရှိခြင်းခံရသူများ၏ ဂုဏ်ဒြပ်နှင့်လျော်ညီစေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို အမြဲထာဝရ ရွှက်ဆောင်နိုင်စေရေးတို့အတွက် ကိုယ်ရောစိတ်ပါနှစ်မြုပ်ပြီး လုပ်ကိုင်ဆောင်ရွက်နေကြရမည်ဖြစ်ပါသည်။ နက်နဲကျယ်ပြန့်သည့် အုပ်ချုပ်ရေးပညာရပ်၊ စီမံခန့်ခွဲရေးပညာရပ်များကို အစဉ်အမြဲလေ့လာသင်ယူရင်း လုပ်ငန်းတာဝန်များကို စွမ်းဆောင်ရည်ပြည့်ဝစွာထမ်းရွက်ကြရမည်ဖြစ်သကဲ့သို့ အမှားအယွင်းအတိမ်းအစောင်းမရှိစေရေးအတွက် သတိ၊ သမ္ပဇဉ်နှင့် ဉာဏ်ပညာတို့ကို အမြဲလက်ကိုင်ပြုနေကြရမည်ဖြစ်ပါသည်။

မိမိတို့ဌာနဝန်ထမ်းများကို စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထားများ အမြဲမှန်ကန်တည့်မတ်စေရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ကျွမ်းကျင်မှုရှိစေရေး၊ စွမ်းဆောင်ရည်ပြည့်သူများဖြစ်စေရေးတို့အတွက် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း(မင်္ဂလာဒုံ)တွင် သင်တန်းမျိုးစုံဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များက ဖွင့်လှစ်သင်ကြားသည့် သင်တန်းများသို့လည်း ပုံမှန်စေလွှတ်၊ တက်ရောက်စေလျက်ရှိပါသည်။ ယင်းအပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် မိမိတို့ဌာနဝန်ထမ်းများအတွက် သီးသန့်ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းများသို့လည်း တစ်ကြိမ်လျှင် သင်တန်းသား/သင်တန်းသူဦးရေ (၂၅၀)ခန့် စေလွှတ်တက်ရောက်စေခဲ့ရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ အထက်မြန်မာပြည်တွင် အမှတ်စဉ် (၈)နှင့် အောက်မြန်မာပြည်တွင်အမှတ်စဉ် (၅)သို့ စေလွှတ်ခဲ့ပြီး စုစုပေါင်း (၃၀၅၀)ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်ကြီး (၄) ရပ်ကို အမြဲလက်ကိုင်ပြုသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခေတ်ကာလအဆက်ဆက်၌ ရည်မှန်းချက်တာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း မှတ်ကျောက်တင်ခဲ့ကြပြီးဖြစ်ပါသည်။ မြေယာစီမံခန့်ခွဲရေးလုပ်ငန်း၊ ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်း၊ အခွန်(၄)မျိုးကောက်ခံရေးလုပ်ငန်း၊မြို့နှင့်ကျေးရွာများ စနစ်တကျဖွဲ့စည်းရေးလုပ်ငန်း၊ အသင်းအဖွဲ့များဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုရေးလုပ်ငန်း အစရှိသည့် ဌာန၏မူလလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်အစိုးရကပေးအပ်သည့် လုပ်ငန်းတာဝန်များ၊ ပြည်ထဲရေးဝန်ကြီးဌာနကပေးအပ်သည့် လုပ်ငန်းတာဝန်များနှင့် အခြားဝန်ကြီးဌာနများက လွှဲပြောင်းပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်လျက်ရှိပါသည်။

**စာမျက်နှာ (၇)သို့**

## ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး



မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ နွားလှကျေးရွာအုပ်စု၊ နွားလှကျေးရွာအတွင်း၌ သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းသား/သူများမှ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေအား ၈-၁၀-၂၀၂၄ ရက်နေ့၊ ၀၈၀၀ အချိန်တွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက် (မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## စံ (၅) ရပ်ကို လက်ကိုင်ပြု၍ ... မှ

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၊ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးလုပ်ငန်း စသည်အားဖြင့် အခါအားလျော်စွာ ပေါ်ပေါက်လာသည့် အရေးကြီးလုပ်ငန်းတာဝန်များကိုလည်း အမြဲကျေပွန်အောင် ကြိုးပမ်း ထမ်းဆောင်ခဲ့ကြပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ဆိုင်ရာလုပ်ငန်းများ၌ ဒေသန္တရအဆင့်တွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်ခဲ့ကြသကဲ့သို့ မိုခါဆိုင်ကလုန်းမုန်တိုင်း၊ ရာဂီတိုင်ဖွန်းမုန်တိုင်း စသည့် သဘာဝဘေးအန္တရာယ်ကြီးများ ကျရောက်သည့်ကာလများ၌လည်း သဘာဝဘေး ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကို စွမ်းအားရှိသမျှကြိုးပမ်းထမ်းဆောင်ခဲ့ကြပါသည်။ ၂၀၂၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီး အောင်မြင်စေရေးအတွက်လည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်ကပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို စိတ်ဓာတ်နှင့် ခံယူချက်မြင့်မားစွာဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာ တာဝန်ထမ်းဆောင် လျက်ရှိကြသည့် မိမိတို့ဌာနဝန်ထမ်းများ၏လုပ်ရပ်များအပေါ် ဂုဏ်ယူဝမ်းမြောက် စွာဖြင့် မှတ်တမ်းတင်ပါကြောင်း ဤနေရာတွင် အလေးအနက်ဖော်ပြလိုပါသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအပါအဝင် ဦးတည်ချက် (၉) ရပ်ချမှတ်၍ နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးပုံဖော်လျက် ရှိပါသည်။ သို့ဖြစ်လေရာ နိုင်ငံတော်၏ ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် မဝေးတော့သည့်အနာဂတ်တွင် ပေါ်ပေါက်လာမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု၏ အုပ်ချုပ်ရေး ယန္တရားအတွက် ပေးအပ်လာမည့်တာဝန်အရပ်ရပ်ကို ကျေပွန်စွာထမ်းဆောင်နိုင် ရေးတို့အတွက် မိမိတို့ဝန်ထမ်းများသည် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်း လိုက်နာစောင့်ထိန်းမှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှု တည်းဟူသော စံ (၅) ရပ်ကိုလက်ကိုင်ပြု၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းထမ်းဆောင်သွားကြမည် ဖြစ်ပါကြောင်း ဌာန၏နှစ်ပတ်လည်အခါသမယတွင် အလေးအနက် သန္နိဋ္ဌာန် ပြုအပ်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပြည်နယ်ကျန်းမာရေးအဖွဲ့များမှ ကျန်းမာရေးစောင့်ရှောက်မှုများ လာရောက်ဆောင်ရွက်ပေးခဲ့



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းများရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ပြည်နယ်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့များနှင့်ချိတ်ဆက်၍ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ် ပေးလျက်ရှိရာ အင်းစိန်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်နွေးအိလှိုင်ပါ အဖွဲ့ဝင် ၃ ဦးတို့သည် ၂၃-၉-၂၀၂၄ ရက်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်သို့လာရောက်၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (Euvichol-plus)အား အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ အိပ်ဆောင်များအသီးသီးသို့ လိုက်လံတိုက်ကျွေးခဲ့ပါသည်။ အလားတူ သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာ ရဲကျော်မိုး ဦးဆောင်သော အဖွဲ့ဝင် ၈ ဦးတို့သည် ၂၇-၉-၂၀၂၄ ရက်နေ့တွင် သရက် အကျဉ်းထောင်သို့ လာရောက်၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိပါသည်။

## "အ" သုံးလုံးသင်တန်း ဖွင့်လှစ်သင်ကြားပေး

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော စာမတတ်မြောက်သူ အကျဉ်းသား/ သူများသည် ပြင်ပနယ်ပယ်သို့ရောက်ရှိပါက စာပေမတတ်မြောက်မှုကြောင့် စိတ်အားငယ်မှုမရှိစေရန်အတွက် လူမှုပတ်ဝန်းကျင်တွင် လူတန်းစေ့နေနိုင်စေရန် ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြင်းခြံဗဟိုအကျဉ်းထောင်တွင် **"အ"**သုံးလုံး သင်တန်းအမှတ်စဉ်(၁/၂၀၂၄)အား ၂-၉-၂၀၂၄ ရက်နေ့မှ ၂၅-၁၀-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ စာမတတ်သူအကျဉ်းသား ၂၃ ဦးအား ဓမ္မာစရိယဘွဲ့ရ သံဃာတော်အကျဉ်းသား ၄ ဦးတို့မှ **"အ"**သုံးလုံးသင်တန်း သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။



## အကျဉ်းဦးစီးဌာန၏ ဆရာဒကာကျောင်းများတွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်





အကျဉ်းဦးစီးဌာန၏ ဆရာဒကာကျောင်းများတွင် ဝါတွင်းကာလအတွင်း သီတင်းသီလဆောက်တည်မည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ စိတ်ချမ်းမြေ့စွာဖြင့် တရားဘာဝနာပွားများနိုင်စေရေး၊ ပစ္စည်းလေးပါးပြည့်စုံစေရေးနှင့် ကျောင်းသန့်ရှင်းမှုကောင်းမွန်စေရေးအတွက် ၂-၉-၂၀၂၄ ရက်နေ့နှင့် ၁၇-၉-၂၀၂၄ နေ့ရက်များတွင် ပျဉ်းမနားမြို့၊ မကျည်းပင်ကွင်းကျေးရွာရှိ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဦးစီးအရာရှိ ဦးရဲကိုကိုဇော် ဦးဆောင်၍ ဝန်ထမ်းများမှ ဆရာတော် ဦးခေမိန္ဒအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျောင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော သားငါး၊ နို့ထွက်ပစ္စည်းနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး

ပြည်ထဲရေးဝန်ကြီးဌာန၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှထွက်ရှိသော ငါး၊ ကြက်ဥ၊ ကြက်သား၊ ဝက်သား၊ နို့ထွက်စွည်းများနှင့် ရာသီသီးနှံ ဟင်းသီးဟင်းရွက်များအား ရောင်းချပေးလျက်ရှိရာ ၆-၉-၂၀၂၄ ရက်နေ့၊ ၁၃-၉-၂၀၂၄ ရက်နေ့၊ ၂၀-၉-၂၀၂၄ ရက်နေ့နှင့် ၂၇-၉-၂၀၂၄ ရက်နေ့များတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနများရှိ ဝန်ထမ်းများထံသို့ ပြင်ပပေါက်ဈေးထက် သက်သာသော နှုန်းထားများဖြင့် လိုက်လံရောင်းချပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၄၈)ကြိမ်မြောက် တရားပွဲကျင်းပပြုလုပ်ပေးခဲ့



ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/သူများ စိတ်ပိုင်းဆိုင်ရာနူးညံ့သိမ်မွေ့လာစေရေး အတွက် ဘာသာရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၈-၉-၂၀၂၄ ရက်နေ့ ဝ၈၁၅ အချိန်ခန့်၌ (၆၄၈)ကြိမ်မြောက် အပတ်စဉ်တရားပွဲအား ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာမိ(ပန်းတနော်ဆရာတော်)မှ ကြွရောက်၍ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်းအလို့ငှာ “**ဂုဏ်တော်ကိုးပါးစိတ်မှာပွား**” တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသားစုစုပေါင်းအင်အား ၃၃၆ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ဝတ္ထုများ၊ နဝကမ္မအလှူတော်ငွေများ လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းအမှတ်စဉ်(၃/၂၀၂၄) ဖွင့်လှစ်ပြီးစီး

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား ပြစ်ဒဏ်မှလွတ်မြောက်သွားသောအခါ လူကောင်းသူကောင်းဖြင့် ဂုဏ်သိက္ခာရှိရှိ ဘဝကိုကောင်းမွန်စွာရပ်တည်နိုင်ရန်၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မန္တလေးဗဟိုအကျဉ်းထောင်တွင် အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းအမှတ်စဉ်(၃/၂၀၂၄)အား ၂၆-၈-၂၀၂၄ ရက်နေ့မှ ၂၇-၉-၂၀၂၄ ရက်နေ့အထိ အကျဉ်းသားသင်တန်းသား ၂၀ ဦးအား (၄)ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ သင်တန်းအားနည်းပြဆရာအဖြစ် အကျဉ်းသားစက်ပြင်ကျွမ်းကျင် သင်တန်းနည်းပြ ၂ ဦးဖြင့် အကျဉ်းထောင်အလုပ်ရုံဆောင်၊ အသက်မွေးမှုပညာသင်ကျောင်းတွင် သင်ကြားပေးခဲ့ကြကြောင်း သတင်းရရှိပါသည်။



## မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ကျိုင်းတုံခရိုင်၊ ယန်းလောကျေးရွာရှိ စာသင်ကျောင်းတွင် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ယန်းလောကျေးရွာရှိ အ.လ.က စာသင်ကျောင်းတွင် ၄-၁၀-၂၀၂၄ ရက်နေ့၊ ၁၀ ၀၀ အချိန်ခန့်က ကျိုင်းတုံခရိုင်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ ကျိုင်းတုံမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ အပေါ့စားစက်(၁)လုံး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၆)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းအတွင်းတင်ကျန်ခဲ့သော အမှိုက်များ၊ ရွှံ့၊ နွံ၊ နုန်းမြေများအား ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ညောင်ရွှေမြို့နယ်၊ အင်းတိန်ကျေးရွာရှိ အ.ထ.က(ခွဲ)စာသင်ကျောင်းတွင် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းတိန်ကျေးရွာရှိ အ.ထ.က(ခွဲ) စာသင်ကျောင်းတွင် ၁-၁၀-၂၀၂၄ ရက်နေ့၊ ၀၇ ၀၀ အချိန်ခန့်က တောင်ကြီးခရိုင်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၂၀)ဦး၊ ညောင်ရွှေမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦး ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းအတွင်းတင်ကျန်ခဲ့သော အမှိုက်များ၊ ရွှံ့၊ နွံ၊ နုန်းမြေများအား ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ညောင်ဦးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် တောင်ဘီကျေးရွာ၊ ရွာဟောင်းကြီးဘုရားအနီး ညောင်ဦး-ပုဂံမြို့သစ်ကားလမ်း၊ အနော်ရထာ(၂)လမ်းသွား ကားလမ်းမကြီးပေါ်သို့ သစ်ပင်အမြစ်ခြေမှလဲကျ

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် တောင်ဘီကျေးရွာ၊ ရွာဟောင်းကြီးဘုရားအနီး၊ ညောင်ဦး-ပုဂံမြို့သစ်ကားလမ်း၊ အနော်ရထာ(၂)လမ်းသွား ကားလမ်းမကြီးပေါ်တွင် ၃-၁၀-၂၀၂၄ ရက်နေ့၊ ၁၇ ၀၀ အချိန်ခန့်က မြေသားမခိုင်မာ၍ လုံးပတ်(၄)ပေခန့်၊ အမြင့်(၆၀)ပေခန့်ရှိ ကုက္ကိုပင်သည် အမြစ်ခြေမှလဲကျမှုဖြစ်ပွားကြောင်း ၁၇ ၀၅ အချိန်သတင်းရရှိသဖြင့် ညောင်ဦးမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၈)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၇)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မင်းဘူးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် အမှတ်(၃)ရပ်ကွက်၊ အ.ထ.က(၁)ကျောင်းဝန်းအတွင်းတွင် သစ်ပင်အမြစ်ခြေမှလဲကျ



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် အမှတ်(၃)ရပ်ကွက်၊ အ.ထ.က(၁) ကျောင်းဝန်းအတွင်းတွင် ၃-၁၀-၂၀၂၄ ရက်နေ့၊ ၁၂ ၁၅ အချိန်ခန့်က မြေသားမခိုင်မာ၍ လုံးပတ်(၄)ပေခန့်၊ အမြင့်(၅၀)ပေခန့်ရှိ ကန္တာရပင်သည် အမြစ်ခြေမှလဲကျမှုဖြစ်ပွားကြောင်း ၁၂ ၂၀ အချိန် သတင်းရရှိသဖြင့် မင်းဘူးမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် (၁၀)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မဟာအောင်မြေမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် မဟာအောင်မြေအနောက်ရပ်ကွက်၊ ၃၉ လမ်း၊ ၈၅×၈၆ လမ်းရှိ လူနေအိမ်ဝန်းအတွင်း သစ်ပင်အမြစ်ခြေမှလဲကျ

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် မဟာအောင်မြေအနောက်ရပ်ကွက်၊ ၃၉ လမ်း၊ ၈၅×၈၆ လမ်းရှိ လူနေအိမ်ဝန်းအတွင်းတွင် ၁-၁၀-၂၀၂၄ ရက်နေ့၊ ၀၇ ၀၀ အချိန်ခန့်က မြေသားမခိုင်မာ၍ လုံးပတ်(၃)ပေခန့်၊ အမြင့်(၄၀)ပေခန့်ရှိ မန်ကျည်းပင်သည် အမြစ်ခြေမှလဲကျမှုဖြစ်ပွားကြောင်း ၁၅ ၀၀ အချိန်သတင်းရရှိသဖြင့် မဟာအောင်မြေမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ ရတနာဘုမ္မိအနောက်အရန်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ မန်းမြို့မဈေးအရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ စုစုပေါင်း မီးသတ်ယာဉ်(၃)စီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၇)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၅)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ဝမ်းတွင်းမြို့နယ်၊ ကိုင်းကျေးရွာအုပ်စု၊ မိုးကောင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ကိုင်းကျေးရွာအုပ်စု၊ မိုးကောင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ၃၀-၉-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်က မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးနှင့် ဝမ်းတွင်းမြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ အပေါ့စားစက်(၁)လုံး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၅)ဦးတို့ဖြင့် ဘုန်းတော်ကြီးကျောင်းပတ်ဝန်းကျင်နှင့် ဘုန်းတော်ကြီးကျောင်းအတွင်းတင်ကျန်ခဲ့သော အမှိုက်များ၊ ရွှံ့၊ နွံ၊ နုန်းမြေများအား ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရေကြီးရေလျှံမှုဖြစ်ပွား၍ သောက်သုံးရေလိုအပ်လျက်ရှိသော တောင်ငူမြို့နယ်ရှိရေဘေးရှောင်စခန်းများသို့ သောက်သုံးရေသွားရောက်လှူဒါန်း

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွား၍ သောက်သုံးရေလိုအပ်လျက်ရှိသော သိမ်တော်ကြီး ယာယီရေဘေးရှောင်စခန်းနှင့် ရွှေဂူကြီးဘုရားရှိ ရေဘေးရှောင်စခန်းများသို့ ၂၃-၉-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်တွင် တောင်ငူမြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၈)ဦးတို့ဖြင့် ရေဂါလန်(၁၆၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အင်ပြင်းကျေးရွာတို့တွင် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အင်ပြင်းကျေးရွာတို့တွင် ၃၀-၉-၂၀၂၄ ရက်နေ့၊ ၀၇ ၀၀ အချိန်ခန့်က ကလောမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီး၊ အပေါ့စားစက်(၂)လုံး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၃၅)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၅)ဦးတို့ဖြင့် ရပ်ကွက်၊ ကျေးရွာပတ်ဝန်းကျင်ရှိ အမှိုက်များ၊ ရွှံ့၊ နွံ၊ နုန်းမြေများ၊ သစ်ကိုင်းများအား ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ ထူးတွင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ ထူးတွင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ၁-၁၀-၂၀၂၄ ရက်နေ့၊ ၁၃ ၀၀ အချိန်ခန့်က မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးနှင့် သာစည်မြို့နယ်မီးသတ်စခန်းတို့မှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ အပေါ့စားစက်(၁)လုံး၊ လှိုင်းတက်နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၈)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၇)ဦးတို့ဖြင့် ဘုန်းတော်ကြီးကျောင်းပတ်ဝန်းကျင်နှင့် ဘုန်းတော်ကြီးကျောင်းအတွင်း တင်ကျန်ခဲ့သော အမှိုက်များ၊ ရွှံ့၊ နွံ၊ နုန်းမြေများအား ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဘီးလူးချောင်းရေမြင့်တက်မှုကြောင့် လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ချောင်းရေများဝင်ရောက်

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဘီးလူးချောင်းရေမြင့်တက်မှုကြောင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ဒေါ်နိုးကူးရပ်ကွက်၊ ရှမ်းစုရပ်ကွက်၊ နမ့်ကွတ်ရပ်ကွက်များတွင် ၂၁-၉-၂၀၂၄ ရက်နေ့၊ ၀၇ ၀၀ အချိန်ခန့်က ချောင်းရေဝင်ရောက်မှုဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် ကယားပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ ရှာဖွေကယ်ဆယ်ရေးစက်လှေ(၅)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၃၅)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေဘေးလွတ်သည့် သာသနာ့ဗိမာန်ခန်းမဆောင်၊ ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းနှင့် ကျောင်းထိုင်ဘုန်းတော်ကြီးကျောင်းတို့တွင် ယာယီရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ လှိုင်းတက်ကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ လှိုင်းတက်ကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် ၁၈-၉-၂၀၂၄ ရက်နေ့၊ ၀၈ ၀၀ အချိန်ခန့်က သာစည်မြို့နယ်မီးသတ်စခန်းတို့မှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် တိုက်နယ်ဆေးရုံပတ်ဝန်းကျင်နှင့် ဆေးရုံအတွင်း တင်ကျန်ခဲ့သော အမှိုက်များ၊ ရွှံ့၊ နွံ၊ နုန်းမြေများ၊ ပြတင်းပေါက်မှန်ကွဲများအား ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ညောင်ဦးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောင်သပြေရပ်ရှိမြေစိုက်နေအိမ်ပေါ်သို့ မြေသားမခိုင်မာမှုကြောင့်သစ်ပင်အမြစ်ခြေမှလဲကျပိမိ

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောင်သပြေရပ်နေပိုင်ရှင် ဦးရွှေဝင်း၏ (၂၀×၂၀)ပေ သွပ်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ်ပေါ်သို့ ၂၁-၉-၂၀၂၄ ရက်နေ့၊ ၁၂ ၂၀ အချိန်ခန့်က မြေသားမခိုင်မာ၍ လုံးပတ်(၃)ပေခန့်၊ အမြင့်(၄၀)ပေခန့်ရှိ ထနောင်းပင်သည် အမြစ်ခြေမှလဲကျပိမိမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ညောင်ဦးမြို့နယ်မီးသတ်စခန်းမှ အထောက်ကူပြုယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၈)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး သစ်ပင်လဲကျမှုကြောင့် (၂၀×၂၀)ပေ သွပ်မိုး၊ ထရံကာ၊



မြေစိုက်နေအိမ်ရှိ (၆)ပေ သွပ်(၈)ချပ်နှင့် ဝါး(၈)လုံးတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းရရှိပါသည်။

## ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ ရန်ကုန်-မန္တလေးကားလမ်း၊ မိုင်တိုင်အမှတ်(၇၉/၃)နှင့်(၇၉/၄)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွား

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ ရန်ကုန်-မန္တလေးကားလမ်း၊ မိုင်တိုင်အမှတ်(၇၉/၃)နှင့်(၇၉/၄)ကြားတွင် ၂၂-၉-၂၀၂၄ ရက်နေ့၊ ၀၈ ၃၀ အချိန်ခန့်က ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးဇော်မင်း မောင်းနှင်လာသည့် ယာဉ်အမှတ် **MDY-15(7M/1099) FUSO** အမျိုးအစား (အဖြူရောင်) (၂၂)ဘီး ဆီဘောက်ဆာယာဉ်သည် အရှေ့တွင်ရပ်ထားသော ဂျုံအိတ်များတင်ဆောင်လာသည့် ယာဉ်မောင်း ဦးသန်းဇော်ဦး မောင်းနှင်သည့် **(MDY-1M/7877) NISSAN** အမျိုးအစား(အနက်ရောင်)(၂၂)ဘီးယာဉ်၊ နောက်တွဲယာဉ်အမှတ်**(2TLR/6945)** ယာဉ်အားအရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိမှုဖြစ်ပွားကြောင်း ၁၀ ၃၀ အချိန်သတင်းရရှိသဖြင့် ညောင်လေးပင်မြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ ပြွန်တန်ဆာနယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၃)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ပြီး ယာဉ်တိုက်မှုကြောင့် **MDY-15(7M/1099) FUSO** အမျိုးအစား(အဖြူရောင်) (၂၂)ဘီး ဆီဘောက်ဆာယာဉ်တွင် ဦးခေါင်းပိုင်းကြေမွ၊ အင်ဂျင်ကွဲ၍ **(MDY-1M/7877) NISSAN** အမျိုးအစား(အနက်ရောင်)(၂၂)ဘီးယာဉ်၊ နောက်တွဲယာဉ် အမှတ် **(2TLR/6945)** ယာဉ်တွင် အနောက်ဘန်ကာပြုတ်၊ ချပ်တန်း(၂)တန်း



ကျိုး၊ ယာဉ်၏လေးပုံထောင့်ကွေး၊ ညာဘက်အနောက်တာယာကွဲအက်၊ ညာဘက်ဖရိန်တန်းပိန်ပြီး ယာဉ်မောင်း ဦးဇော်မင်းတွင် ဝဲခြေသလုံးပေါက်ပြဲ၊ ဝဲခြေမရင်းပေါက်ပြဲ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ရွှေရဲနွယ်ပရဟိတ အသင်းပိုင်ယာဉ်ဖြင့် ပြွန်တန်ဆာမြို့၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၄၉ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် ပေါ့ဆမီး ၁၆ ကြိမ်၊ လျှပ်စစ်မီး ၂၆ ကြိမ်၊ မသမာသူရှို့မီး ၃ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃ ကြိမ်၊ စုံစမ်းဆဲ ၁ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၁၅၅ လုံးတွင် ဂိုဒေါင် ၃ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၁၃၈ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ သေဆုံးဒဏ်ရာရ ၁၅ ဦးရှိခဲ့ပြီး ငွေကျပ် ၅၇၂ ဒသမ ၆၉၄ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၁၀ လတာကာလ အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၄၇ ကြိမ်၊ ပေါ့ဆမီး ၂၆၈ ကြိမ်၊ အလိုအလျောက်မီး ၁၇ ကြိမ်၊ လျှပ်စစ်မီး ၃၅၂ ကြိမ်၊ မသမာသူရှို့မီး ၆၁ ကြိမ်၊ တောမီး ၆၂ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၄၃ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ်၊ စုံစမ်းဆဲ ၂ ကြိမ် စုစုပေါင်း ၉၅၃ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၃၆၅၁ လုံးတွင် စက်ရုံ/အလုပ်ရုံ ၉ လုံး၊ ဂိုဒေါင် ၄၄ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၈၅၅၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၇၆ ဦး သေဆုံး၊ ၉၀ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၅၈၉ ကောင်သေဆုံးပြီး ငွေကျပ် ၇၈၃၉ ဒသမ ၃၉၄ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံး တွေ့ရှိရသောအချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားကြရန်နှင့် အိမ်စောင့်သူများ၊ ကလေးငယ်များအား မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည် ဖြစ်ပါသည်။ မီးလောင်မှု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန် အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများ လဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး**(Fuse)**များကို ဝန်နှင့်အားမျှတအောင် သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြှိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက"ပေါ့ဆမီး"ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် တံတိုင်းပြိုကျမှု ၁ ကြိမ်၊ ကမ်းပါးပြိုကျမှု ၄ ကြိမ်၊ လေပြင်းတိုက်ခတ်မှု ၈ ကြိမ်၊ ရေကြီးမှု ၆၇ ကြိမ်၊ ယာဉ်တိုက်မှု ၆ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၁၁ ကြိမ်၊ ရေနစ်မြုပ်မှု ၅ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၉၆ ကြိမ်၊ မတော်တဆထိခိုက်မှု ၃ ကြိမ်၊ ကူညီရှင်းလင်းရွှေ့ပြောင်းမှု ၄၆ ကြိမ်၊ စုစုပေါင်း၂၄၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ဒုက္ခသည် ၃၁၈၁၀၇ ဦး ရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှု ဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၄၀၈၇ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၁၉၆ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၄၂ ဦးနှင့် ဒဏ်ရာရရှိသူ ၂၆ ဦး တို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## မှော်ဘီမြို့နယ်၊ သနွေပင်ကျေးရွာအုပ်စု၊ ကြက်ဖြူကန်ကျေးရွာ၊ ရန်ကုန်-ပြည်လမ်းကားလမ်းမပေါ်တွင် ယာဉ်တိမ်းမှောက်

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သနွေပင်ကျေးရွာအုပ်စု၊ ကြက်ဖြူကန်ကျေးရွာ၊ ရန်ကုန်-ပြည်လမ်းကားလမ်းမပေါ်တွင်တွင် ၇-၁၀-၂၀၂၄ ရက်နေ့၊ ၁၈ ၄၀ အချိန်ခန့်က ထောက်ကြန့်ဘက်မှ မှော်ဘီဘက်သို့ ယာဉ်မောင်း ဦးသိန်းမင်းစိုးမောင်းနှင်ပြီး **(Everyday Outfit Yangon , cif Daywoo)** မင်္ဂလာဒုံ အထည်ချုပ်စက်ရုံမှ ယာဉ်မောင်းပါ ကျား(၄)ဦး၊ မ(၇၆)ဦး စုစုပေါင်း (၇၁)ဦး လိုက်ပါလာသည့် ယာဉ်အမှတ် **(YGN-4-3N/2454) HYUNDAI** အမျိုးအစား (အဖြူ-အစိမ်းကြားရောင်) ဝန်ထမ်းကြိုပို့ယာဉ်မှာ မောင်းနှင်နေစဉ် ဂျိုင်းဆက်ပြုတ်ပြီး တိမ်းမှောက်မှု ဖြစ်ပွားကြောင်း ၁၈ ၄၅ အချိန်သတင်းရရှိသဖြင့် မှော်ဘီမြို့နယ်မီးသတ်စခန်းနှင့် မင်္ဂလာဒုံမြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်စက်ယာဉ်(၂)စီး၊ သနွေမီးသတ်တပ်ဖွဲ့ဝင်(၁၉)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၅)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ပြီး



ယာဉ်တိမ်းမှောက်မှုကြောင့် **(YGN-4-3N/2454) HYUNDAI** အမျိုးအစား (အဖြူ-အစိမ်းကြားရောင်) ယာဉ်မောင်းပါ(၇၁)ဦးအနက် မ(၁)ဦး(သေဆုံး)၊ မ(၁၃)ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) အသီးသီးရရှိခဲ့သဖြင့် လူမှုကူညီရေးအသင်းပိုင် သူနာတင်ယာဉ်များဖြင့် မှော်ဘီပြည်သူ့ဆေးရုံကြီးနှင့် သက်ဆိုင်ရာဆေးရုံအသီးသီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

### ကရင်ပြည်နယ်

၃၀-၉-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး၏ ဦးဆောင်မှုဖြင့် ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ အိမ်ထောင်သည်ဝန်ထမ်းတစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန်(၆)ပြည်ကိုလည်းကောင်း၊ လူပျို/အပျိုတစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန် (၃)ပြည်ကိုလည်းကောင်း၊ စုစုပေါင်းဝန်ထမ်း(၅၇)ဦးတို့အတွက် တန်ဖိုးငွေ ၁,၅၄၀,၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းလေးသောင်းတိတိ)ရှိ အခြေခံစားသောက်ကုန်များအဖြစ် ဝန်ထမ်းနှင့်မိသားစုဝင်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




### ပဲခူးတိုင်းဒေသကြီး

၈-၁၀-၂၀၂၄ ရက်နေ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းနှင့် မိသားစုဝင်များ သက်သာချောင်ချိစေရန် ရည်ရွယ်၍ ဝန်ထမ်းတစ်ဦးလျှင် ကျသင့်ငွေ ၂၉,၀၀၀/-တန်ဖိုးရှိ မြောင်းမြပေါ်ဆန်းမွှေးဆန်(၄)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ကြက်သွန်နီ (၅၀)ကျပ်သားနှင့် ကြက်ဥ(၁၀)လုံးတို့အား ဝန်ထမ်း(၉၂)ဦးတို့အတွက် စုစုပေါင်း တန်ဖိုးငွေ ၂,၆၆၈,၀၀၀/-(ကျပ်နှစ်ဆယ့်ခြောက်သိန်းခြောက်သောင်း ရှစ်ထောင်တိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



### ရန်ကုန်တိုင်းဒေသကြီး



၂၀-၉-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းနှင့်မိသားစုဝင်များ သက်သာချောင်ချိစေရန်ရည်ရွယ်၍ ဝန်ထမ်းတစ်ဦးလျှင်ဆန်(၆)ပြည်၊ ဆီ(၅၀)ကျပ်သားဖြင့် ဝန်ထမ်း(၁၁၃)ဦးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### ရှမ်းပြည်နယ်




၁၁-၉-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးမှ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး ဦးဆောင်မှုဖြင့် ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ဝန်ထမ်းတစ်ဦးလျှင် ကျသင့်ငွေ ၂၄,၂၃၀/-နှုန်းဖြင့် ဒေသဆန်(ရှမ်းငကြွဲ)(၄)ပြည်၊ ဆီ(၁)ပိဿာနှင့် ကြက်ဥ(၁၀)လုံးဖြင့် ဝန်ထမ်း(၁၀၄)ဦးအတွက် စုစုပေါင်းတန်ဖိုးငွေ ၂,၅၂၀,၀၀၀/-(ကျပ်နှစ်ဆယ့်ငါးသိန်းနှစ်သောင်းတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## (၁၉၇)ကြိမ်မြောက် လှူဖွယ်ပစ္စည်းများလှူဒါန်း

၂၀-၉-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး၏လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဦး ဦးဆောင်သည့်ကော်မတီဝင်များသည် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်ရှိ ဆင်ဖြူစာသင်တိုက်သို့ ဆန်(၂၄)ပြည်(၁)အိတ်၊ ဆီ(၅)လီတာ(၁)ဘူးနှင့် ဟင်းသီးဟင်းရွက်တို့ အပါအဝင် ငွေ ၃၉၂,၀၀၀ိ/-(ကျပ်သုံးသိန်းကိုးသောင်းနှစ်ထောင်တိတိ)တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို (၁၉၇)ကြိမ်မြောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း




၁၇-၉-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးဖွဲ့သူအောင်၏ ဦးဆောင်စီစဉ်မှုဖြင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများမှ ဆရာဒကာကျောင်းဖြစ်သည့် စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်ရှိ ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် သံဃာတော်များအား ဝါတွင်းကာလတော်သတင်းလပြည့်နေ့တွင် ဆွမ်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့အတွက် စုစုပေါင်းလှူဒါန်းငွေ ၁,၁၀၀,၀၀ဝိ/- (ကျပ်တစ်ဆယ့်တစ်သိန်းတိတိ)ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များအတွင်း အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သူများအား သက်သေခံ Tablet တစ်လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များအတွင်း **YBS** ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များထံမှ အုပ်စုဖွဲ့ခါးပိုက်နှိုက်ယူမှုများ ဖြစ်ပွားလျက်ရှိကြောင်း ဒုစရိုက်မှုကိုမလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၄-၁၀-၂၀၂၄ ရက်နေ့ ၁၂၃၀ အချိန်တွင် ခါးပိုက်နှိုက်မှုကျူးလွန်လေ့ရှိသူများဖြစ်ကြသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၃)ရပ်ကွက်နေ သန်းထွန်းအောင်(ခ)ကရင်(၃၃)နှစ်၊ (ဘ)ဦးစံကျော်အားလည်းကောင်း၊ ၁၃၂၀ အချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၇)ရပ်ကွက်နေ စန်းမောင်(၆၅)နှစ်၊ (ဘ)ဦးဟန်သာအားလည်းကောင်း၊ ၁၄၀၀ အချိန်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၂)ရပ်ကွက်နေ စိုးတင့်(ခ)တရုတ်(၅၈)နှစ်၊ (ဘ)ဦးတင်ရွှေအားလည်းကောင်း၊ ၁၈၃၀ အချိန်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၉)ရပ်ကွက်နေ ချစ်မင်းထွေး(ခ)ကုလားလေး(၃၃)နှစ်၊ (ဘ)ဦးချစ်စိန် အားလည်းကောင်း ၄င်းတို့၏ နေအိမ်များမှ ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့ပါသည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သန်းထွန်းအောင်(ခ)ကရင်၊ စန်းမောင်၊ စိုးတင့်(ခ)တရုတ်နှင့် ချစ်မင်းထွေး(ခ)ကုလားလေးတို့ ၄ ဦးသည် ၃-၁၀-၂၀၂၄ ရက်နေ့ ၁၈၀၀ အချိန်တွင် ရန်ကင်းမြို့နယ်အတွင်း ပြေးဆွဲနေသည့် **YBS(14)** ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည် အမျိုးသမီးတစ်ဦးထံမှ **TAB 8 Pro** အမျိုးအစား **Tablet** တစ်လုံးအား ခါးပိုက်နှိုက်ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဆက်လက်စစ်ဆေးချက်အရ ၄င်းတို့ ၄ ဦးသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း ရန်ကင်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့အတွင်း ပြေးဆွဲနေသည့် **YBS** ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များထံမှ လက်ကိုင်ဖုန်း ၂၂ လုံးအား ၁၀ ကြိမ် အုပ်စုဖွဲ့ခါးပိုက်နှိုက်ရယူခဲ့ကြောင်းနှင့် ထိုသို့ခါးပိုက်နှိုက်မှုများကျူးလွန်စဉ် သန်းထွန်းအောင်(ခ)ကရင်မှ လက်ကိုင်ဖုန်းများအား ခါးပိုက်နှိုက်ယူပြီး စန်းမောင်၊ ချစ်မင်းထွေး(ခ)ကုလားလေးနှင့် စိုးတင့်(ခ)တရုတ်တို့မှ **YBS** ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များအား တိုးဝှေ့၊ လူကာပေးခဲ့ကြကြောင်း ဖော်ထုတ်သိရှိရပါသည်။



ပေါ်ပေါက်ချက်အရ ခါးပိုက်နှိုက်ရယူထားရှိသည့် **Tablet** နှင့် လက်ကိုင်ဖုန်းများအား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်နေ ပြည့်ဖြိုးသူ(ခ)ဖိုးခွားထံတွင် စုစုပေါင်းတန်ဖိုးငွေ ၂,၇၇၈,၀၀၀ ကျပ်ဖြင့် ရောင်းချထားကြောင်း သိရှိရသဖြင့် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ ခါးပိုက်နှိုက်မှုကျူးလွန်ရာမှရရှိသည့် **TAB 8 Pro** အမျိုးအစား **Tablet** တစ်လုံးနှင့် လက်ကိုင်ဖုန်းမျိုးစုံ ၂၂ လုံးတို့အား သိမ်းဆည်းရမိခဲ့ပါသည်။

ဖြစ်စဉ်တွင် ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များအတွင်း အုပ်စုဖွဲ့ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သူ သန်းထွန်းအောင်(ခ)ကရင်ပါ တရားခံ ၄ ဦးအား သက်သေခံ **Tablet** တစ်လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုများဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူ ဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့ တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပပြုလုပ်







နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ၁-၁၀-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (**MICC-2**)၌ ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အနုပညာရှင်များ၊ ဆုရသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုး ဆုရရှိသူအရာရှိ(၂)ဦး၊ အခြားအဆင့်(၃)ဦးနှင့် စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးရရှိသူ အရာရှိ(၃)ဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ(၂)ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး အနုပညာရှင်ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါသည်။

ယင်းနောက် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် တင်ကိုကိုက စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့်(၅)ဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့်(၅)ဦး၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူက ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင်(၇)ဦးနှင့် ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရ တပ်ဖွဲ့ဝင်(၄)ဦး၊ ရဲချုပ်၏ဇနီးနှင့် ဒုတိယရဲချုပ်များ၏ဇနီးတို့က အမျိုးသမီးစွမ်းဆောင်ရှင်ဆုနှင့် နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆု ရရှိသူများအား ဂုဏ်ပြုတံဆိပ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ထို့နောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် **Video Clip** ကိုပြသခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ရဲအရာရှိကြီးများနှင့် ဇနီးများသည် ဆုရရှိသူများ၊ အနုပညာရှင်ကိုယ်စားလှယ်တစ်ဦးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## စုံထောက်(အရာရှိ)သင်တန်းအမှတ်စဉ်(၁၉၆/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ







မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိုးနိုင်ဦးသည် ၂၃-၉-၂၀၂၄ ရက်နေ့ ၀၈၀၀ အချိန်တွင် အမှတ်(၂)မှုခင်းရဲတပ်ဖွဲ့ခွဲ (အင်းစိန်)ရှိ လေ့ကျင့်ရေးဌာနခွဲတွင် ဖွင့်လှစ်သည့် စုံထောက်(အရာရှိ)သင်တန်းအမှတ်စဉ်(၁၉၆/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မှုခင်းရဲတပ်ဖွဲ့၊ လက်နက်ခဲယမ်းနှင့် ပေါက်ကွဲမှုစစ်ဆေးရေးဌာနမှ ရဲမှူးကြီး ဇော်သန်း၊ လေ့ကျင့်ရေးဌာနခွဲမှူး ဒုတိယရဲမှူးကြီး ခင်မော်မော်၊ အမှတ်(၂)မှုခင်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ငြိမ်းချမ်းအောင်၊ နည်းပြအရာရှိ ၂၅ ဦးနှင့် သင်တန်းသား/သူ ၁၂၀ ဦး၊ စုစုပေါင်း ၁၄၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ တန်ကျော် ဖမ်းဆီးရမိ



လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၇-၉-၂၀၂၄ ရက်နေ့ ၀၄၃၀ အချိန်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ယန်းကျိန်ကျေးရွာအနီး၊ မိုင်းလား-ကျိုင်းတုံသွားကားလမ်းတွင် လော်တား မောင်းနှင်လာသည့် **TOYOTA HILUX REVO** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် ၈ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၀၄၇ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ကျိုင်းတုံမြို့နယ်မှ မိုင်းဖြတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၌ နေအိမ်တိုက်ခန်းအတွင်း ဝင်ရောက်ကာ အမျိုးသမီး ၁ ဦးအား သတ်ဖြတ်၍ လုယက်မှုကျူးလွန်သူတရားခံ အမျိုးသား ၃ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

၇-၁၀-၂၀၂၄ ရက်နေ့ ၁၁၀၀ အချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သုခတော်ဝင်အိမ်ရာ၊ တိုက်အမှတ်(**K**-၁)၊ အခန်း(၁၃)နေ ဒေါ်စန္ဒာမိုး(၆၁)နှစ်၊ (ဘ)ဦးသိန်းညွန့်သည် တိုက်ခန်းအတွင်း ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတိုက်ခန်း၏ ဧည့်ခန်းအတွင်း ကြမ်းပြင်ပေါ်၌ ဒေါ်စန္ဒာမိုးအား ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၉)နယ်မြေရဲစခန်း (ပ)၄၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂/၃၉၂ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းကာ အခင်းဖြစ်ရပ် မှတ်တမ်းအထောက်အထားများရယူ၍ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များကို အခြေခံ၍စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူတရားခံများဖြစ်ကြသည့် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သုခတော်ဝင်အိမ်ရာဝန်းအနီး ကျူးကျော်တဲနေ မျိုးမင်းထွန်း(၂၄)နှစ်၊ (ဘ)ဦးတင်အောင်အား ၁၀-၁၀-၂၀၂၄ ရက်နေ့ ၁၃၀၀ အချိန်တွင် ကျူးကျော်တဲ၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ဗိုလ်အောင်ဇေယျရပ်ကွက်နေ ကိုဖြိုး(ခ)ဖြိုးသက်ပိုင်(၂၃)နှစ်၊ (ဘ)ဦးအောင်ကျော်အား ၁၁-၁၀-၂၀၂၄ ရက်နေ့ ၂၁၀၀ အချိန်တွင် မန္တလေးမြို့နယ်၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ခင်ကြီးကျေးရွာနေ ငရဲ(ခ)ရဲလင်းဦး(ခ)ရဲရဲ (၂၀)နှစ်၊ (ဘ)ဦးဇော်မင်းအေးအား ၁၂-၁၀-၂၀၂၄ ရက်နေ့ ၁၅၀၀ အချိန်တွင် မကွေး-မန္တလေးပြေးဆွဲသည့် ခရီးသည်တင်ယာဉ်ပေါ်၌လည်းကောင်း လုယက်ယူဆောင်ခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူ တရားခံများ၏ ထွက်ဆိုချက်အရ ဇမ္ဗူသီရိမြို့နယ်၊ သုခတော်ဝင်အိမ်ရာဝန်းအတွင်း ဆေးသုတ်လုပ်ငန်းလုပ်ကိုင်သူ တရားခံ ကိုဖြိုး(ခ)ဖြိုးသက်ပိုင်သည် ၎င်း၏အလုပ်ရှင်ဖြစ်သူမှတစ်ဆင့် ခင်မင်ရင်းနှီးသူ ဒေါ်စန္ဒာမိုးမှာ သုခတော်ဝင်အိမ်ရာ၊ တိုက်အမှတ် (**K**-၁)၊ အခန်း(၁၃)၌ တစ်ဦးတည်းနေထိုင်သူဖြစ်ကြောင်းသိရှိရပြီး ၎င်း၏ကိုယ်ရေးကိုယ်တာ အခက်အခဲများနှင့် ငွေကြေးဆိုင်ရာလိုအပ်ချက်များအား ဖြေရှင်းနိုင်ရန်အတွက် ဒေါ်စန္ဒာမိုးအား သတ်ဖြတ်၍ ပစ္စည်းများလုယက်ယူဆောင်ရန် ၅-၁၀-၂၀၂၄ ရက်နေ့ ညနေပိုင်းတွင် ၎င်း၏လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် မျိုးမင်းထွန်းနှင့် ငရဲ(ခ)ရဲလင်းဦး(ခ)ရဲရဲတို့နှင့် ကြိုတင်တိုင်ပင်ခဲ့ကြကြောင်း၊ အခင်းဖြစ်ပွားသည့် ၆-၁၀-၂၀၂၄



ရက်နေ့၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုရန်အတွက် အရိုးအသွား ၁၀ လက်မခန့်ရှိ ဝါးရိုးတပ်ဓားဦးအချွန် ၂ ချောင်းအား ချယ်ရီဈေးမှလည်းကောင်း၊ ရာဘာလက်အိတ် ၃ စုံအား သုခတော်ဝင်အိမ်ရာဝန်းအတွင်းရှိ ဆေးဆိုင်မှလည်းကောင်းဝယ်ယူကာ ၁၈၃၀ အချိန်တွင် ဒေါ်စန္ဒာမိုးနေထိုင်ရာ သုခတော်ဝင်အိမ်ရာ၊ တိုက်အမှတ်(**K**-၁)၊ အခန်း(၁၃)သို့ သွားရောက်ခဲ့ပြီး ဒေါ်စန္ဒာမိုးနှင့် တွေ့ဆုံစကားပြောနေစဉ် ဒေါ်စန္ဒာမိုးမှ ၎င်းတို့သုံးဦး စားသုံးရန်အတွက် ဆန်များထည့်ပေးနေစဉ် မျိုးမင်းထွန်းနှင့် ကိုဖြိုး(ခ)ဖြိုးသက်ပိုင်တို့မှ ဒေါ်စန္ဒာမိုးအား နောက်မှ သိုင်းဖက်ချုပ်ကိုင်ပေးပြီး ငရဲ(ခ)ရဲလင်းဦး(ခ)ရဲရဲမှ အသင့်ယူဆောင်လာသောဓားဖြင့် ၄ ချက်ခန့်ထိုး၍ ဒေါ်စန္ဒာမိုး လဲကျသွားစဉ် ၎င်းဝတ်ဆင်ထားသည့် နားကပ်တစ်ရံနှင့် နေအိမ်အတွင်းရှိ **Samsung Galaxy A 32** အမျိုးအစားလက်ကိုင်ဖုန်း ၁ လုံး၊ ငွေကျပ် ၂၀,၀၀၀ တို့အား လုယက်ယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်းဝင်ရောက်ကာ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်လုယက်မှုကျူးလွန်ခဲ့သူ ငရဲ(ခ)ရဲလင်းဦး(ခ)ရဲရဲ၊ မျိုးမင်းထွန်းနှင့် ကိုဖြိုး(ခ)ဖြိုးသက်ပိုင်တို့ ၃ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများ ကျူးလွန်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်ရာ လှုပ်ရှားသွားလာဆောင်ရွက်မှုများ တွေ့ရှိရပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေး သတင်းပေးပို့တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသားတရားခံများအား လွှဲပြောင်းပေးအပ်





မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများဆောင်ရွက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တရုတ်နိုင်ငံမှ အလိုရှိတရားခံပြေး ချန်တာဝေ့ ဦးဆောင်သော ဒုစရိုက်သမားများ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်းသတင်းအရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား ချန်တာဝေ့နှင့် ရန်လျန့် အပါအဝင် တရုတ်နိုင်ငံသား တရားခံ ၂၀ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါသည်။

အဆိုပါဖမ်းဆီးရမိသော ချန်တာဝေ့ပါ တရုတ်နိုင်ငံသား ၂၀ ဦးတို့အား တရုတ်နိုင်ငံ၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူနိုင်ရေးအတွက် လုံလောက်သော အစောင့်အရှောက်များဖြင့် ၁၉-၉-၂၀၂၄ ရက်နေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ တရုတ်နိုင်ငံသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀ ကီလိုနှင့် ကက်တမင်း ၃၀ ကီလို ဖမ်းဆီးရမိ



လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၆-၉-၂၀၂၄ ရက်နေ့ ၀၇၃၀ အချိန်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ နားခေါ်ကျေးရွာအနီးတွင် မိုင်းပျဉ်းမှ မိုင်းပုအွန်ဘက်သို့ စိုင်းဦးပေတ မောင်းနှင်ပြီး မနန်းရှဲန်းအွမ်နှင့် စိုင်းကော်တို့ လိုက်ပါလာသည့် **TOYOTA SUCCEED** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁၀၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ၀၈၀၀ အချိန်တွင် မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်ကျေးရွာရှိ အိုက်ဝန်း၏ နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀ ကီလိုနှင့် ကက်တမင်း ၃၀ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၄၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀ ကီလိုနှင့် ကက်တမင်း ၃၀ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ကျိုင်းတုံမြို့နယ်မှ မိုင်းဖြတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရခိုင်ကမ်းရိုးတန်းကျောက်ဖြူမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၇၈ သိန်းဖမ်းဆီးရမိ

တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၃-၉-၂၀၂၄ ရက်နေ့ ၀၄၀၀ အချိန်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ကမ်းရိုးတန်းတွင် ကမ်းရိုးတန်းသွားစက်လှေပေါ်ပါ မြလွင်၊ မင်းမင်းစိုး၊ သန့်ဇင်နိုင်နှင့် နိုင်လင်းထွန်းတို့ ၄ ဦးအား ဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၇၈ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ၂၄-၉-၂၀၂၄ ရက်နေ့ ၁၀၀၀ အချိန်တွင် ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကုန်မှ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်သို့ ပို့ဆောင်ခိုင်းသူ ဇော်မင်းဦး(ခ)ကိုဇော်နှင့် ပြည့်ဖြိုးမောင်တို့အား ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုဆိပ်ကမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ရခိုင်ပြည်နယ်သို့ ရေကြောင်းဖြင့် သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ






မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၈-၉-၂၀၂၄ ရက်နေ့ ၁၂၀၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်တွင် ကြိုတင်သတင်းရရှိထားသူ ထွန်းထွန်းမြင့်အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၁ ကီလို၊ **Happy Water** ၁၀၅ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ဘသာဇံအား ယင်းနေ့ ၁၃၀၀ အချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ (တိုးချဲ့)ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ရာ ၄င်း၏ဖော်ထုတ်ချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၁)ရပ်ကွက်၊ စကားဝါလမ်းရှိ ဖမ်းမိတရားခံ ထွန်းထွန်းမြင့်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၈ သိန်းနှင့် ဘိန်းဖြူ ၅၀ ဂရမ် ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ၁၂-၉-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် လှရွှေ(ခ)အဒူရ်မူနနှင့် ဇော်မင်းနိုင်(ခ)အင်မရန်းတို့ ၂ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၂ သိန်းနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၂ ဒသမ ၄၁ ဘီလီယံကျော်တန်ဖိုးရှိ ကက်တမင်း ၁ ကီလို၊ **Happy Water** ၁၀၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ သိန်းနှင့် ဘိန်းဖြူ ၅၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၄င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေး အကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချောင်ချောင်ရွှေဆိုင်နေအိမ်အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၆ ဦးကို သက်သေခံပစ္စည်း ရွှေ ၁၀ ပိဿာကျော်၊ ငွေကျပ်သိန်း ၁၀၀၀ ခန့်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



၁၀-၉-၂၀၂၄ ရက်နေ့ ၀၈၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၇၁ လမ်းနှင့် ၁၀၁(**B**) လမ်းထောင့်နေ **ချောင်ချောင်**ရွှေဆိုင်ပိုင်ရှင်ဖြစ်သူ ဦးရွှေဝင်း(၅၇)နှစ်၊ (ဘ)ဦးဝမ်းချောင်သည် ၄င်းဖွင့်လှစ်ထားသည့် မန္တလေးမြို့အတွင်းရှိ **ချောင်ချောင်**ရွှေဆိုင်သုံးဆိုင်သို့သွားရောက်ရန် ရွှေထည်ပစ္စည်းများနှင့် ငွေသားများအား ကားပေါ်သို့တင်နေစဉ် **3J/8313 ADVAN** အမျိုးအစားမော်တော်ယာဉ်ဖြင့် အမျိုးသား(၇)ဦး (စိစစ်ဆဲ)က သေနတ်များကိုင်ဆောင်ကာရောက်ရှိလာပြီး ရွှေ ၁၀ ပိဿာကျော်နှင့် ငွေကျပ်သိန်း ၁၀၀၀ ခန့်တို့အား ဓားပြတိုက်လုယက်ယူဆောင် ထွက်ပြေးသွားကြောင်းသတင်းအရ တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၁)နယ်မြေရဲစခန်း(ပ)၂၂၀/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုရေးဖွင့် ဆောင်ရွက်ခဲ့ပါသည်။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်းအထောက်အထားများရယူ၍ နယ်မြေအတွင်း သတင်းရယူစုံစမ်း ဖော်ထုတ်ခဲ့ရာ ၁၄-၉-၂၀၂၄ ရက်နေ့ ၂၁၃၀ အချိန်တွင် ဓားပြတိုက်လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူဖြစ်သည့် ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းရပ်ကွက်နေ ခင်မောင်စိုး(၄၀)နှစ်၊ (ဘ)ဦးကျော်သောင်းအား ချမ်းအေးသာစံမြို့နယ်၊ ရွှေပြည်သာဟိုတယ်ရှေ့၊ လမ်း(၃၀)မြို့ပတ်လမ်းပေါ်၌ ဖမ်းဆီးရမိခဲ့ပြီး ၄င်း၏ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် ၄င်းအပါအဝင် နိုင်မင်းဝေ(ခ)ကုလား(ခ)ကျော်ကြီး၊ ကျော်စိုးမင်းထွန်း(ခ)ညီညီစိုး၊ ဇင်ကိုကိုကျော်(ခ)ကရင်ကြီး၊ အောင်ဇော်ထွန်း(ခ)အငယ်ကောင်၊ လှိုင်းထက်အောင်(ခ)တောဝက်(ခ)ဝက်ကလေးနှင့် ချမ်းသာ(ခ)ရွှန်းထက်မောင်တို့ ၇ ဦးက ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။ တရားခံ ခင်မောင်စိုး၏ ထွက်ဆိုချက်အရ ယင်းနေ့ည ၂၃၃၀ အချိန်တွင် ကသာမြို့နယ်၊ သံပုရာကုန်းကျေးရွာနေ နိုင်မင်းဝေ(ခ)ကုလား(ခ)ကျော်ကြီး (၂၇)နှစ်၊ (ဘ)ဦးစိုးဝင်း၊ ပန်းတောင်းမြို့နယ်၊ ကျားအိုကျေးရွာနေ ကျော်စိုးမင်းထွန်း(ခ)ညီညီစိုး(၄၆)နှစ်၊ (ဘ)ဦးလှထွန်းနှင့် မိတ္ထီလာမြို့နယ်၊ ကျောက်ဖြူကုန်းကျေးရွာနေ ဇင်ကိုကိုကျော်(ခ)ကရင်ကြီး(၂၉)နှစ်၊ (ဘ)ဦးကျော်ဝင်းတို့ ၃ ဦးအား ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်ရှိ **GTM** ဟိုတယ်၌ အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူ တရားခံများ၏ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် မော်တော်ယာဉ်နှင့် ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းအချို့အား ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာနေ တရားခံ အောင်ဇော်ထွန်း(ခ)အငယ်ကောင်၏နေအိမ်၌ သိမ်းဆည်းထားကြောင်းသိရှိရသဖြင့် ၁၅-၉-၂၀၂၄ ရက်နေ့ ၀၀၃၀ အချိန်တွင် သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တရားခံ အောင်ဇော်ထွန်း(ခ)အငယ်ကောင်(၂၁)နှစ်၊ (ဘ)ဦးထွန်းလင်းအား မီးခံသေတ္တာအတွင်းထည့်ထားသည့် သက်သေခံရွှေထည်ပစ္စည်းများနှင့် နေအိမ်ခြံဝင်းအတွင်းမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော မော်တော်ယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ ၁၅-၉-၂၀၂၄ ရက်နေ့ ၀၂၀၀ အချိန်တွင် တရားခံ ခင်မောင်စိုး၏နေအိမ်မှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် **Glock** အမျိုးအစား ပစ္စတိုသေနတ် ၁ လက်၊ **Kimber Custom** အမျိုးအစား ပစ္စတိုသေနတ် ၁ လက်၊ ကျည် ၁၄ တောင့်နှင့် သက်သေခံရွှေထည်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၁၄၃၀ အချိန်တွင် ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာနေ တရားခံ လှိုင်းထက်အောင်(ခ)တောဝက်(ခ)ဝက်ကလေး(၂၅)နှစ်၊ (ဘ)ဦးကျော်သက်အောင်အား ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်တိုးဂိတ်တွင် ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဖြစ်စဉ်တွင် ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ ခင်မောင်စိုးပါ တရားခံ ၆ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများနှင့်ပူးပေါင်းကာ သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန် တရားခံ ချမ်းသာ(ခ)ရွှန်းထက်မောင်(၂၆)နှစ်၊ (ဘ)ဦးခင်မောင်အား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရှုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားများတက်ရောက်...မှ

ရှေးဦးစွာ နမောတဿ ၃ ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပျဉ်းမနားမြို့၊ မင်္ဂလာဖေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာကြားခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှဝေပြီး အနုမောဒနာတရား နာကြား၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု ၃ ကြိမ် ရွတ်ဆိုဆုတောင်းကာ အခမ်းအနားရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃)မင်္ဂလာကန်တော်တွင် ကျင်းပပြုလုပ်သည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးမြစ်ချင်းငါးမျိုးစိတ် ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ အား ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြပါသည်။




အလားတူ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အလှူဒါနနှင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြရာ ၁၀-၉-၂၀၂၄ ရက်နေ့နံနက်ပိုင်း၌ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်၌ စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား ၁ ကျပ်သား ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် အလှူတော်ငွေ ၂,၈၄၇,၀၀၀ ကျပ်နှင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ အလှူငွေ ၁,၁၀၀,၀၀၀ ကျပ်တို့အား လှူဒါန်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား လွှဲပြောင်းပေးအပ်





မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများဆောင်ရွက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်၍ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း မူဆယ်မြို့ပေါ်တွင် အွန်လိုင်းလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ဒုစရိုက်သမားများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးနှင့် မြန်မာနိုင်ငံသား တရားခံ ၅၅၇ ဦး၊ စုစုပေါင်းတရားခံ ၈၇၀ ဦးတို့နှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများဖြစ်သော ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများနှင့် Scan စက်များအား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ဒုစရိုက်မှုများ အခြေပြုဆောင်ရွက်လျက်ရှိသည့် အဆောက်အဦများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ချိတ်ပိတ်သိမ်းဆည်းတရားစွဲတင်ဆောင်ရွက်သွားပြီး အဆိုပါဖမ်းဆီးရမိသော တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးတို့အား မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူထားကာ ၎င်းတို့အား တရုတ်နိုင်ငံအနေဖြင့် ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေးအတွက်လုံလောက်သောအစောင့်အရှောက်များဖြင့် ၂၆-၉-၂၀၂၄ ရက်နေ့တွင် ယူနန်ပြည်နယ်၊ ရွှေလီမြို့ရှိ နယ်စပ်ဝင်/ထွက်ပေါက်မှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ၊ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲများသို့ တက်ရောက်၍ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့ဦးစီးဌာနများမှ ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအား သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်





၁-၁၀-၂၀၂၄ ရက်နေ့တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (ခုတင်-၁၀၀၀)နှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး စုပေါင်းသွေးလှူဒါန်းခြင်းများအား ၂၆-၉-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါဆေးရုံတို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းစုစုပေါင်း ၃၁၃ ဦးတို့က တစ်ချိန်တည်း စုပေါင်းသွေးလှူဒါန်းခဲ့ကြပါသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်(၁)နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာ ရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူရှင်များအား အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြပါသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆေးရုံသုံးပစ္စည်းများနှင့်ဆေးဝါးမျိုးစုံ စုစုပေါင်းတန်ဖိုးငွေသိန်း(၆၀)ကျပ်အား ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အဆိုပါ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၆-၉-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း (၃၁၃)ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကာ ၂၇-၉-၂၀၂၄ ရက်နေ့တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း (၂၄၇)ဦးတို့က ဆက်လက်စုပေါင်း သွေးလှူဒါန်းခဲ့ကြရာ စုစုပေါင်းဂုဏ်ပြုသွေးလှူဒါန်းမှု (၅၆၀)ဦး ရှိခဲ့ပါသည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁)နှင့် ရဲအရာရှိကြီးများလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ပျဉ်းမနားမြို့နယ်ရှိ ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ဇေယျာသီရိမြို့နယ်ရှိ စည်ပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ပုဗ္ဗသီရိမြို့နယ်ရှိ အေးမြင့်သာယာကျေးရွာမူလတန်းကျောင်းများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာစာသင်ကျောင်းများမှ ကျောင်းဆရာ/မများအား သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။